# စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်**
**ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**
**၁၃၇၆ ခုနှစ်၊    လ    ရက်**
**(၂၀၁၄ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်ခွဲ(က)၌ပါရှိသော "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီးဆိုသည့်" စကားရပ်ကို "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်နှင့်ယှဉ်တွဲ၍ အသုံးပြုပါက ယင်းစစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ရှေ့၌ထားပြီး"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အငြိမ်းစားဟူသောစကားရပ်ကို ကွင်းစ ကွင်းပိတ်ဖြင့် မိမိအမည်၏နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲရမည်" ဆိုသည့် စကားရပ်ကို "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ၌ပါရှိသော "တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့" ဆိုသည့်စကားရပ်၏ရှေ့တွင် "ပုဒ်မခွဲ(က)အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ (၁၀)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည်-

(က) လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်ဖြင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**